နဲ့ဝဲကျေးရွာ

နဲ့ဝဲကျေးရွာအုပ်စု

မြစ်သားမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နဲ့ဝဲကျေးရွာ၊ မြစ်သားမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	နဲ့ဝဲကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မြစ်သားဖြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၆
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာမီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၉
၇။	**ကျန်းမာရေး ၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**	၁၁
၉။	**ကျား-မရေးရာ ကိစ္စရပ်များ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက် လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၆၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၇၁
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၇၄
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၇၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေး ရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်း များက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်များ ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း

တိုးတက်မှု ၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ဖွံ့ဖြိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဒီဇင်ဘာလ ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နဲ့ဝဲကျေးရွာ

မြစ်သားမြို့နယ်

၁. မြစ်သားမြို့နယ်၊ နှဲဝဲကျေးရွာအုပ်စု၊ နှဲဝဲကျေးရွာ၏ သယံဇာတပြဖြေပုံ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

နဲ့ဝဲကျေးရွာသည် မန္တလေးတိုင်းဒေသကြီး ၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၏ နဲ့ဝဲကျေးရွာ အုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် သီခေါင်ကျေးရွာ၊ မြောက်ဘက်တွင် ခန္တီးကြီး ကျေးရွာ၊ အနောက်ဘက်တွင် နဂါးရုံကျေးရွာနှင့် သီလင်ကျေးရွာနှင့် တောင်ဘက်တွင် ပေါမောကျေးရွာ တို့ တည်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများသာ စုပေါင်းနေထိုင် ကြပါ သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နဲ့ဝဲကျေးရွာ၏ ရာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်ပြီး ၊ နွေရာသီတွင် အပူချိန် ပြင်းလျက်ရှိပါ သည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၈၅)ဧက ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီ အလိုက် ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် သာ ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေအပြု အဖွဲ့အစည်းများတွင် ဂေါပကအဖွဲ့တွင် (ကျား - ၇ဦး) ၊ ဓမ္မသတ္တိလူမှုကူညီရေးအသင်းတွင် (ကျား - ၂၅ ဦး + မ - ၂၀ ဦး၊ ပေါင်း ၄၅ ဦး) စသည့် အဖွဲ့အစည်း များဖြင့် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာသနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ တွင် စည်းရုံးလုပ်ဆောင်ကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေး အတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း နဲ့ဝဲကျေးရွာတွင် ကျေးရွာ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

၄။ စိုက်ပျိုးရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

နဲ့ဝဲကျေးရွာတွင် ၂.၅ဧက မှာ ဆင်းရဲသားတောင်သူ (၁၄)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၈)အိမ်ထောင်စု ၊ ၅ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၄) အိမ်ထောင်စု နှင့် ၁၂.၅ ဧကအထက် တောင်သူကြီးများ မရှိပါ။ အဓိအားဖြင့် စပါး၊ ကြက်သွန်၊ ငရုတ်၊ နှမ်းနှင့် ဥယျာဉ်ခြံသီးနှံများကို အဓိက စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများ ကျေးရွာရှိ အိမ်ထောင်စုများထက် ထက်ဝက်ကျော်ခန့်ရှိနေပြီး အများစုသည် နေ့စား၊ ကျပန်းများနှင့် ပြည်တွင်း၊ ပြည်ပ သွားရောက် လုပ်ကိုင် နေကြပါသည်။ ကျေးရွာ၏ စိုက်ပျိုးရေးမှာ ကင်းတားဆည်ရေမှ စိုက်ပျိုးရေ ရရှိစိုပျိုးကြပြီး ရာသီအလိုက် ရရှိခြင်းကြောင့် လုံလောက်မှု မရှိပါသည်ကို တွေ့ရှိရပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကျမ်းမျှ တင်း(၆၀)သာ ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၄) စီး၊ ရေစုပ်စက် (၉)လုံး တို့ရှိပါသည်။ ကျေးရွာတွင် ထွန်စက်နှင့် ရိတ်သိမ်းချေလှေ့စက်များ ငှားရမ်းသုံးစွဲကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး ၊ အော်ဂဲနစ် မြေဩဇာနှင့် သွင်းအားစုများ ၊ ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒ သွင်းအားစုများ ၊ သီနှံမျိုးစေ့များကိုလည်း ကျေးရွာနှင့် ၅မိုင်ခန့်ဝေးကွာသော ကူမဲနှင့်မြစ်သားမြို့များတွင် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုများတွင် ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်ပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် လည်လိမ်ပိုး၊ ရွက်လိပ်ပိုး၊ မြစ်ပိုး၊ ဆစ်ပိုး၊ ပြစုပ်ပိုး၊ မှိုနှင့် ရွက်ဖျားခြောက် စသော ပိုးမွှားရောဂါများ အနည်းငယ်ကျရောက် ပါသည်။ ၎င်းအပြင် မိုးကြီးသည့်အခါများ တွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေ နံဘေးရှိ ချောင်း၊ မြောင်းများကို တူးဖော် မှု လုပ်ဆောင် လိုကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

နှဲဝဲကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၇) အိမ်ရှိပြီး၊ အကောင်ရေမှာ (၁၄)ကောင်၊ နို့စားနွားမ မွေးမြူထားသည့် အိမ်ထောင်စု (၃၃)စုမှ (၈၅)ကောင်၊ အိမ်ထောင်စု (၂၃)စုမှ ဝက်(၃၄) ကောင်၊ အိမ်ထောင်စု (၇)စုမှ ကြက်(၂၈၀) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့် ပတ်သက်သည့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အနည်းငယ်သာ ရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီးပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်း ကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

နှဲဝဲကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သည့် လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းပညာနှင့် အသေးစား / အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရရှိသဖြင့် အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ တတ်မြောက်မှု နည်းခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသနှင့် နိုင်ငံရပ်ခြားဒေသတို့တွင် သွားရောက်လုပ်ကိုင် နေရခြင်းကြောင့် လုပ်သားအင်အား ရှားပါးပါသည်။ လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသ ထွက်ကုန်များကို ရောင်းချရန် ဈေးကွက်ကောင်း မရှိခြင်းနှင့် ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာရှိ တောင်သူလယ်သားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ(၇)ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူ ချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေး

မဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသည့် မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုအပ်သလောက်မရရှိနိုင်သဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းပါးကြ ပါသည်။ ကျေးရွာတွင်းရှိ ငွေချေးသူများထံမှ (၅ - ၁၀) ရာခိုင်နှုန်းအထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်သာ ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၃၇)စီး၊ မော်တော်ဆိုင်ကယ်(၇၅)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြရပါသည်။

ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းသည် မြေသားလမ်းများ ဖြစ်သည့်အတွက် မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြင့်သာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ကျေးရွာချင်းဆက်လမ်းများသည် ဂျင်းလမ်းများ ဖြစ်သော်လည်း ပြုပြင် ထိန်းသိမ်းမှုများ နည်းပါးခြင်းကြောင့် သွားလာရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။

နှဲဝကျေးရွာတွင် ကွန်ကရစ်တံတား(၁)စင်းရှိပြီး တည်ဆောက်ထားသော နှစ်များ အနည်းငယ်သာ ကြာမြင့်သေးသည့်အတွက် အရည်အသွေး ကောင်းမွန်မှု ရှိခြင်းကြောင့် အဆင်ပြေစွာသွားလာနိုင်မှု ရှိပါသည်။ ၎င်းတံတားမှာ ကာကြီးများ၊ တန်ပိုယာဉ်များ ဖြတ်သန်းမောင်းနှင်မှုများ ရှိပါသည်။

(ခ) ကျေးရွာမီးလင်းရေး

နှဲဝကျေးရွာတွင် မဟာဓါတ်အားလိုင်းအား ချိတ်ဆက်၍ လျှပ်စစ်မီး အသုံးမပြုနိုင်သေးသည့်အတွက် ဆိုလာမီးအသုံးပြုသည့် အိမ်တောင်စု (၄၇)နှင့် အခြားဘဏ္ဍာရီ၊ ဖယောင်းတိုင် အိမ်ထောင်စု (၆၈)စု စသည်တို့ကို တွေ့ရှိရပါ သည်။ ကျေးရွာ တွင်း (၄၀၀)ဖို့အားလိုင်း တည်ဆောက်ရန် ငွေကြေး

အနည်းငယ် စုဆောင်းထားရှိပြီး ဖြစ်ပါသည်။ လျှပ်စစ်မီးမရရှိခြင်းသည် လုပ်ငန်းများလည်ပတ်ရာတွင် နှောက်နှေးခြင်း၊ ကျောင်းသားများ စာကြည့်ရာတွင်လည်း အခက်အခဲများ ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

နဲ့ဝဲကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၁၉)လုံး၊ ရေဒီယို (၂၉)လုံး၊ တီဗွီ (၄၀)လုံး၊ ဂြိုလ်တုစလောင်း (၁၀)လုံး စသည်တို့မှ ရရှိပါသည်။ ဆက်သွယ်ရေးနှင့် ပတ်သက်သော အဆောက်အဦများ အကျေးရွာအနီးနားတွင် မတွေ့ရှိရသော်လည်း ဆက်သွယ်ရေး ဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပါ။

၆။ ပညာရေး

ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် မူလအဆင့်ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်းနှင့် အထက်တန်းပညာများကို လမ်းခွကျေးရွာ(အ.ထ.က)ကျောင်းနှင့် မြစ်သား၊ ကျောက်ဆည်မြို့များရှိ အထက်တန်းကျောင်းများတွင်လည်း ဆက်လက်ပညာသင်ယူနေ ကြပါသည်။ တက္ကသိုလ်ကျောင်းသား/သူများလည်း အနည်းငယ် ရှိပါသည်။ မူလတန်းကျောင်းတွင် ကျောင်းဆောင် (၁)ဆောင်သာ ရှိပါသည်။ လက်ရှိကျောင်းဆောင်(၁) ဆောင်မှာ တည်ဆောက်ခဲ့သောနှစ် အနည်းငယ် သာ ကြာမြင့်သေးသည့်အတွက် အမိုး၊ နံရံ ၊ အခင်း အရည်အသွေး ကောင်းမွန်မှု ရှိသည်ကို တွေ့ရှိရ ပါသည်။သို့သော်ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ကလေးများလုံခြုံစွာပညာသင်ကြား နိုင်ရန်အတွက် ပျက်စီးနေသော ကျောင်းခြံစည်းရိုးများလည်း ပြုပြင်ပေးရန် လိုအပ်နေပါ သည်။

ကျေးရွာတွင် စာမတတ်သူ ဦးရေ မရှိပါ။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၅.၇)ရာခိုင်နှုန်းအထိ များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၃.၄) ရာခိုင် နှုန်း ၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၇.၃) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်သူမှာ (၃.၆) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးနှံပေးလျက်ရှိပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေးလာရောက်ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ကျေးရွာနှင့်(၁)မိုင်ခန့်ဝေးကွာသော သီလင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက် ကုသကြရပြီး အရေးပေါ်လူနာများ ဖြစ်ပေါ်လျှင် မြစ်သား၊ ကျောက်ဆည် ဆေးရုံဆေးခန်းများရှိပြီး ကုတင်နှင့် ဆေးဝါးအလုံအလောက် ရှိပါသည်။ မြစ်သားနှင့် ကျောက်ဆည်မြို့များနှင့် အနည်းငယ်ဝေးကွာသော်လည်း အလွယ်တကူ သွားလာနိုင်ခြင်းကြောင့် အရေးပေါ်အခြေအနေများတွင် မြို့ဆေးရုံများသို့ ပို့ဆောင်ပေးနိုင်ရန် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲအနည်းငယ်သာရှိသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို အဝီစိတွင်း (တုံကင်)နှင့် ရေတွင်းရေများကို အဓိကထား အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု (၆၂)စုသည် သန့်ရှင်းသော ယင်လုံအိမ်သာများ အသုံးပြုသည်ကို တွေ့ရှိရပြီး ကျန်ရှိသော အိမ်ထောင်စု (၅၃)စုသည် ယင်လုံအိမ်သာ အသုံးမပြုနိုင်သည်ကို တွေ့ရှိရပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

နဲ့ဝဲကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသော အိမ်ထောင်စုများ ၊ လက်လုပ်လက်စား ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများတွေ့ပါက အခြားအိမ်ထောင်စု များထက်ပို၍ ထိခိုက်ခံစားရလွယ်ကူပါသည်။

နဲ့ဝဲကျေးရွာ၏ သဘာဝဆေးဖက်ဝင် အပင်များ အနည်းငယ် ရရှိပါသည်။ ရာသီအကူးပြောင်းရာသီများတွင် သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများ ကူးစက်ခံရသူ အနည်းငယ် ရှိပြီး တီဗွီရောဂါဖြစ်ပွားသည့် လူနာအနည်းငယ်ရှိပြီး သွေးတိုးနှင့် ဆီးချိုရောဂါ ဖြစ်ပါပွားသည့် လူနာအများအပြား

ရှိသည်ကို တွေ့ရှိရပါသည်။ တိရိစ္ဆာန်များသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာ ရောဂါနှင့် ကြက်၊ ဝက်တုပ်ကွေးရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား – မရေးရာ ကိစ္စရပ်ဆိုင်ရာ

နဲ့ဝဲကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုနှင့် ကျေရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းအပိုင်းတွင် အမျိုးသမီးများ ဦးဆောင်ပါဝင်မှု မရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာပေးများ အားနည်း ကြပါသည်။

၁၀. ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – နှဲဝဲကျေးရွာ			ကျေးရွာအမည် – နှဲဝဲကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု ၊ စာရင်းကိုင် စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းသင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှားရောဂါကာကွယ် နှိမ်နင်းရေးနည်းပညာသင်တန်း ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	မွေးမြူရေးနှင့် ငါး လုပ်ငန်း မွေးမြူရေး ဆေးပညာ	တိရိစ္ဆာန်မွေးမြူရေး	မြို့နယ်မွေး/ကု ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း	
၆	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်းလုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း	
၇	ငွေကြေး	ရပ်ရွာအခြေပြု	မြစိမ်းရောင်ချေးငွေစီမံကိန်း ရရှိအောင် ချိတ်ဆက်ခြင်း	

၈	ပညာရေး	ကျောင်းအဆောက်အဦ ၊ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆောင်သစ် တစ်ဆောင် တည်ဆောက်ခြင်း၊ စာသင်ကျောင်း ခြံစည်းရိုးကာရံခြင်း။	
၉	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ကျေးရွာတွင်းလမ်းများနှင့် ကျေးရွာချဉ်းကပ်လမ်းများ အဆင့်မြှင့်တင်ခြင်း	
၁၀	အခြေခံအဆောက်အဦ	ကျေးလက်လမ်း၊ တံတား	ကျေးရွာတွင်းရေဆိုးထုတ်မြောင်းတူးဖော်ခြင်း	
၁၁	လျှပ်စစ်	လျှပ်စစ်မီး	မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်း	
၁၂	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအားတရားဆိုင်ရာအသိပညာပေးဟောပြောပွဲများစီစဉ်ခြင်း	

နဲ့ဝဲကျေးရွာ၊ နဲ့ဝဲကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးရွှေဘ	ဦးဖိုးစိုး	၉/မသန(နိုင်) ၀၇၃၈၁၈	၅၆	ဥက္ကဋ္ဌ	-
၂	ဦးသန်းထွန်း	ဦးကြွက်	၉/မသန(နိုင်) ၀၉၁၈၄၈	၄၅	အတွင်းရေးမှူး	၀၉ - ၆၇၆၈၅၅၈၆၁
၃	ဦးမျိုးမင်းသိန်း	ဦးကျော်ဌေး	၉/မသန(နိုင်) ၀၉၄၃၀၀	၄၁	ဘဏ္ဍာရေးမှူး	၀၉ - ၇၇၁၁၂၀၈၃၈
၄	ဦးဇော်ထက်အောင်	ဦးမောင်း	၉/မသန(နိုင်) ၁၃၄၇၁၈	၂၅	စာရင်းကိုင်	-
၅	ဦးမြင့်ဦး	ဦးအေးသောင်	၉/မသန(နိုင်) ၁၃၂၈၆၀	၄၉	သေ့ကိုင်(၁)	-
၆	ဦးဉာဏ်လင်း	ဦးကျော်ဌေး	၉/မသန(နိုင်) ၀၉၄၃၀၁	၄၃	သေ့ကိုင်(၂)	၀၉ - ၇၅၁၃၂၅၈၈၅
၇	ဦးမြတ်ဌေး	ဦးလှ	၉/မသန(နိုင်) ၀၉၄၂၉၂	၄၂	အဖွဲ့ဝင်	၀၉ - ၇၈၄၃၁၅၃၃
၈	ဦးတင်မြိုင်	ဦးသန်းမောင်	၉/မသန(နိုင်) ၁၅၀၇၁၉	၆၃	အဖွဲ့ဝင်	-
၉	ဦးစည်သူအောင်	ဦးမောင်း	၉/မသန(နိုင်) ၁၁၆၈၃၀	၃၄	အဖွဲ့ဝင်	-
၁၀	ဒေါ်သန်းအေး	ဦးကျော်ခင်	၉/မသန(နိုင်) ၀၇၃၈၆၀	၅၂	အဖွဲ့ဝင်	၀၉ - ၄၀၁၈၅၅၂၃
၁၁	ဒေါ်လင်းလင်းခိုင်	ဦးစိုးတင့်	၉/မသန(နိုင်) ၁၅၀၇၀၈	၂၈	အဖွဲ့ဝင်	-
၁၂	ဒေါ်စုစုခိုင်	ဦးမောင်ဆန်း	၁၄/ညတန(နိုင်) ၁၅၃၅၉၈	၃၁	အဖွဲ့ဝင်	၀၉ - ၇၉၁၄၀၃၉၁၀
၁၃	ဒေါ်ကြည်လင်	ဦးကျော်တင်	၉/မသန(နိုင်) ၀၇၃၇၆၄	၆၀	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၄	၈
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၁၆	၁၀	၂၆
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂၇	၂၅	၅၂
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၂၂	၁၄	၃၆
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၄၇	၁၆၆	၃၁၃
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၆	၁၀
စုစုပေါင်း		၂၂၀	၂၂၅	၄၄၅
စုစုပေါင်း အိမ်ထောင်စု				၁၁၅

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက်(၁)နှစ်ပြည့်အရွယ်မှ (၅)
နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ် ပြည့်သည်မှအသက် (၁၀)
နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)
နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅)
နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)
နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။နှဲဝဲကျေးရွာတွင် အိမ်ထောင်စု (၁၁၅)စု ၊ လူဦးရေ (၄၄၅)ဦး ရှိပါသည်။ နှဲဝဲကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၈%) ၊ ၅နှစ်အောက် ကလေးငယ် အရွယ် (၅.၈၄ %) ၊ မူလတန်းကျောင်းသားအရွယ်(၁၁.၇%)၊ အလယ်တန်းကျောင်းသားအရွယ်(၈.၀၈%)၊ အလုပ်လုပ်နိုင်သည့်အရွယ်(၇၀.၃၃%) ၊ သက်ကြီးရွယ်ကြီးအရွယ် (၂.၂၄ %) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ် မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၉.၆၆%)ရှိပြီးအလုပ်လုပ်နိုင်သည့်အရွယ်ကျား(၁၄၇)ဦး၊မ (၁၆၆)ဦးစုစုပေါင်း (၃၁၃)ဦး ရှိပြီး

တစ်ရွာလုံးလူဦးရေ၏ (၇၀.၃၃%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၆	၂၇		မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ် နိမ့်
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂			မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ် နိမ့်
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁			မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ် နိမ့်
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့် လတ် နိမ့်
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း	၄			မြင့်လတ်နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်√ နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁		၁	မြင့်လတ်√ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အဓိကအလုပ်	မိသားစုဝင်လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၈၂			
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်လတ်နိမ့်
	အလုပ်သမား / ဝန်ထမ်း				မြင့်လတ်နိမ့်
	စုစုပေါင်း	၁၁၅	၂၈		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာသည်စိုက်ပျိုးရေးကိုသာအဓိကအားထား လုပ်ကိုင်ကြ သောကျေးရွာဖြစ်ပြီး အခြားလုပ်ငန်းများမှာလက်လီ၊လက်ကားရောင်းဝယ်ရေးဆိုင်များ၊ ယာဉ်၊စက်ကိရိယာလုပ်ကိုင်သူများနှင့် ဝန်ထမ်းအင်အား မှာအနည်းငယ်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၃၅၀၀	၃၀၀၀	၃၀၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၅၀၀	၅၀၀၀	၅၀၀၀	၄၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာလုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်ပြီး ကျား၊မ ဝင်ငွေကွာခြားရခြင်းမှာလည်း အားစိုက်ထုတ်မှုအပေါ်မူတည်ပြီး သီးနှံစိုက်ပျိုးချိန်နှင့်ရိတ်သိမ်းချိန်တို့တွင် လုပ်သားလိုအပ်ချက်အရစျေးနှုန်းမြင့်တက်ပြီး သာမာန်အချိန်တို့တွင် ပုံမှန်နှုန်းထားအတိုင်း အတက်အကျမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) သဘာဝရင်းမြစ်များ

(က-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၈၆	ကောင်း □ သင့်√ ညံ့ □
ယာမြေ / တောင်ယာမြေ		ကောင်း □ သင့်□ ညံ့ □
ဥယျာဉ်ခြံမြေ		ကောင်း □ သင့်□ ညံ့ □
ကိုင်း/ ကျွန်းမြေ		ကောင်း □ သင့်□ ညံ့ □
ခနိတောမြေ		ကောင်း □ သင့်□ ညံ့ □
စားကျက်မြေ		ကောင်း □သင့်□ညံ့ □
မြေလွတ်မြေလပ်		ကောင်း □ သင့်□ ညံ့ □
စုစုပေါင်း	၈၆	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)
မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။နဲ့ဝဲကျေးရွာတွင် မြေလွတ်မြေလပ်နည်းပါးပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။လယ်ယာမြေပေါများကြောင်းလေ့လာတွေ့ရှိရပါသည်။

(က-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ သင့် နည်း မရှိ√	လွယ်ခက် အသုံးမပြုနိုင်ပါ
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ သင့် နည်း မရှိ√	လွယ်ခက် အသုံးမပြုနိုင်ပါ
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ သင့် နည်း√ မရှိ	လွယ်ခက်√ အသုံးမပြုနိုင်ပါ
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ သင့် နည်း မရှိ√	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သတ္ထုနှင့်အခြားတွင်းထွက်သယံဇာတများမရှိပါ ။ သဘာဝအပင်မျိုးစိတ်များ အနည်းငယ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်ေသာအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကေ ာင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလု	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)	စီးပွား (ဝင်ငွေ)

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်ေသာအိမ်ထောင်စု
ပ်ငန်း	အလွန်ကောင်း	အသင့်အတင့်	နည်း	အလွန်နည်း
အိမ်ထောင်စု	၄	၈	၁၄	၈၉

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။နဲ့ဝဲကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု အနည်းငယ်သာရှိသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများပြားပြီး အဓိကစီးပွားရေးလုပ်ငန်းမှာ တောင်သူလုပ်ငန်း ဖြစ်ပါသည်။ သို့သော်တောင်သူလုပ်ငန်းကိုမိရိုးဖလာအနေနှင့် လုပ်ကိုင်နေပြီး စီးပွားဖြစ် လုပ်ကိုင်နိုင်ခြင်း မရှိပါ ကြောင်းလေ့လာတွေ့ရှိရပါသည်။ဒ

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု	၄၂	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၄၂ လုပ်အားခကြိုယူ =၀
၃လနှင့်ဖြလကြားဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		လုပ်အားခကြိုယူ = ၀
ဖြစ်မှသာလျှင်အထိ၀မ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာခန့အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဥစ္စာခန အဆင့် ၃ နှင့် အဆင့် ၄တို့မှာအခြားအစား ပြောင်းစားခြင်း၊ အစားလျှော့စားခြင်းတို့မရှိပါ။ ငွေကြေးအထောက်အပံ့ယူခြင်း၊ လုပ်အားခ ကြိုယူခြင်းများရှိပြီး ချေးယူမှုများရှိပါကြောင်းလေ့လာ တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၂၁		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများမရှိပါ။ ဆင်းရဲပြီး အမျိုးသမီးဦးဆောင်နေသော မိသားစုများ ရှိသော်လည်း မိသားစုများ များ၍ အလွန် ကြပ်တည်း နေမှုများ မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်□လတ်□နိမ့်□မရှိ√
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့်□လတ်□နိမ့်□မရှိ√
၃	ရေကြီးခြင်း	မြင့်□လတ်□နိမ့်□မရှိ√
၄	မိုးခေါင်ခြင်း	မြင့်□လတ် □ နိမ့်□မရှိ√
၅	အအေးလွန်ကဲခြင်း	မြင့်□လတ်□နိမ့်□မရှိ√
၆	မုန်တိုင်း	မြင့်□လတ် □ နိမ့်မရှိ√
၇	ငလျင်	မြင့်□လတ်□နိမ့်□ မရှိ√
၈	မီးဘေး	မြင့်□လတ်□နိမ့်□ မရှိ√
၉	ဆားငန်ရေဝင်မြေ	မြင့်□လတ်□နိမ့်□မရှိ√
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်□လတ်□နိမ့်□ မရှိ√
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□လတ်□နိမ့်□ မရှိ√
၁၂	၄ာက်ဖျားရောဂါ	မြင့်□လတ်□နိမ့်√မရှိ□
၁၃	တီဘီရောဂါ	မြင့်□လတ်□နိမ့်√ မရှိ□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□လတ်□နိမ့်မရှိ√
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်□လတ်□နိမ့်□မရှိ√
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်□လတ်□နိမ့်□ မရှိ√
၁၇	လူကုန်ကူးခြင်း	မြင့်□လတ်□နိမ့်□မရှိ√
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်□လတ်□နိမ့်□မရှိ√

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ

ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ နဲ့ဝဲကျေးရွာသည် စားနပ်ရိက္ခာဖူလုံမှု ရှိသည့်အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ငှက်ဖျားရောဂါနှင့် တီဘီရောဂါ အနည်းငယ်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်□လတ်□နိမ့်□မရှိ√
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်□လတ်□နိမ့်√ မရှိ□
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်□လတ်□နိမ့်√မရှိ□
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□ မရှိ√
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□ မရှိ√
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်□လတ်□□□□□□□နိမ့်√မရှိ□□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ √
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၁၅	ဆေးစွဲသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ√
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□မရှိ√
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်√မရှိ□□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်√ မရှိ□□
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်√မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ နဲ့ဝဲကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သည့်အိမ်ထောင်စုများ အများအပြားရှိသဖြင့် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ ရွှေ့ပြောင်းသွားလာ လုပ်သားများမှာ မိမိတို့နေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုပညာ အားနည်းခြင်းတို့ကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စုအနည်းငယ်ရှိသည်ကို တွေ့ရှိရပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအ	အမျိုးအစား(မှန်ရာ	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်နို

	မည်	တစ်ခုကိုသာရွေးရန်)	ကျား	မ	ပေါင်း	(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	င်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဓမ္မသတ္တိ	၁ □ ၂ √ ၃ □	၂၅	၂၀	၄၅	ပညာရေး□□ ငွေကြေး□□ ကျန်းမာရေး√ ဘာသာရေး□□□ စိုက်ပျိုးမွေးမြူရေး□□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်√ ညံ့□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ နဲ့ဝဲကျေးရွာ ဓမ္မသတ္တိပရဟိတ အဖွဲ့အစည်းသည် ကျန်းမာရေးနှင့် ပတ်သက်၍ နေ့ည အချိန်မရွေး ကူညီစောင့်ရှောက်မှု ပေးပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□□□□၂□□□□၃□□□□၄□	ပညာရေး□□□□ငွေကြေး□□□□ကျန်းမာရေး□□□□ဘာသာရေး□□□□စိုက်ပျိုးမွေးမြူရေး□□□□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၂		၁□□□□၂□□□□၃□□□□၄□ ၅□□□□၆□□□□၇□	ပညာရေး□□□□ငွေကြေး□□□□ကျန်းမာရေး□□□□ဘာသာရေး□□□□စိုက်ပျိုးမွေးမြူရေး□□□□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃		၁□၂□□□၃□□□□၄□ ၅□□□□၆□□□□၇□	ပညာရေး□□□□ငွေကြေး□□□□ကျန်းမာရေး□□□□ဘာသာရေး□□□□စိုက်ပျိုးမွေးမြူရေး□□□□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□□□□၂□□□□၃□□□□၄□ ၅□□□□၆□□□□၇□	ပညာရေး□□□□ငွေကြေး□□□□ကျန်းမာရေး□□□□ဘာသာရေး□□□□စိုက်ပျိုးမွေးမြူရေး□□□□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□□□□၂□□□□၃□□□□၄□ ၅□□□□၆□□□□၇□	ပညာရေး□□□□ငွေကြေး□□□□ကျန်းမာရေး□□□□ဘာသာရေး□□□□စိုက်ပျိုးမွေးမြူရေး□□□□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□□□□၂□□□□၃□□□□၄□ ၅□□□□၆□□□□၇□	ပညာရေး□□□□ငွေကြေး□□□□ကျန်းမာရေး□□□□ဘာသာရေး□□□□စိုက်ပျိုးမွေးမြူရေး□□□□သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)**

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။နဲ့ဝဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၈၉	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၄	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၈	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၄	တောင်သူလတ်
၅	၁၂.၅ဧကအထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၁၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ နဲ့ဝဲကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ကျော်ခန့်ရှိပြီးအများစုသည်နေ့စား၊ ကျပန်းနှင့် အခြားဒေသများသို့ သွားရောက် လုပ်ကိုင်ကြရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက်	ရေရရှိနိုင်မှု

		(ဧက)	တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်√ မဖြေဆိုပါ□	ရှိ√ မရှိ မဖြေဆိုပါ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	၇၅	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်√ မဖြေဆိုပါ□	ရှိ√ မရှိ□ မဖြေဆိုပါ□
၅	အဝိစိတွင်း	၁၁	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ√	ရှိ□ မရှိ□ မဖြေဆိုပါ√
	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□	ရှိ□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
			ရာသီအလိုက် မဖြေဆိုပါ	မရှိ မဖြေဆိုပါ

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏စိုက်ပျိုးရေးတွင် ရေသွင်းမြောင်းနှင့် အဝိစိတွင်းရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီးရာသီအလိုက်ရရှိခြင်းကြောင့် လုံလောက်မှုအသင့်အတင့်ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၄၀	တင်း	၆၀	၁၀၀	၈၀	ဇူလိုင်	ဒီဇင်ဘာ	မြင့်တက်လတ်၊ နိမ့်	မြင့်တက်လတ်တွင် နိမ့်
ကြက်သွန်	၂၀	ဝိဿာ	၈၀၀	၁၂၀၀	၁၀၀၀	နိုဝင်ဘာ	မတ်	မြင့်တက်လတ် ၊ နိမ့်	မြင့်တက်လတ်၊နိမ့်
ငရုတ်	၆	တင်း	၁၀၀	၂၀၀	၁၅၀	ဧန်နဝါရီ	ဇွန်	မြင့်တက်လတ်၊ နိမ့်	မြင့်တက်လတ်၊နိမ့်
နှမ်း	၂၀	တင်း	၇	၁၀	၈	မတ်	ဇွန်	မြင့်တက်လတ်၊ နိမ့်	မြင့်တက်လတ်၊နိမ့်

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ နဲ့ဝဲကျေးရွာသည် သီးနှံထွက်နှုန်းအသင့်အတင့်သာရှိပါသည်။ မြေယာ၏ လိုအပ်ချက် သွင်းအားစုများ၊သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာတို့ကို လက်လှမ်းမှီသော်လည်း အများစုမှာ စံနှုန်း အတိုင်းထည့်သွင်းနိုင်ခြင်းမရှိပါ။ အဓိကအချက်မှာ တောင်သူအများစုမှာ စိုက်ပျိုးရေးနည်းပညာများ ခေတ်နှင့်အညီ နည်းပါးခြင်းကြောင့်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၄	၀	၀	၂၂
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၉	၀	၀	၁၇
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လယ်ယာသုံး စက်ကိရိယာများအနေဖြင့် ထွန်စက်များ တစ်ဧကလျှင် (၂၀၀၀၀)နှုန်းဖြင့် ငှားရမ်း အသုံးပြုကြရပြီး တောင်သူလတ်များမှာ လက်တွန်းထွန်စက်များ ဝယ်ယူအသုံးပြုကြပါသည်။ ကျေးရွာအနေဖြင့် လယ်ယာသုံး စက်ကိရိယာများ လုံလောက်မှု မရှိသည်ကို တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
	(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း□□□□ကောင်း□□□□သင့်တင့်မျှတ√ မဖြေဆိုပါ□
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း□□□□ကောင်း□□□□သင့်တင့်မျှတ√ မဖြေဆိုပါ□
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ√ အသင့်အတင့်ရှိ□□□□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်□□□□ရသည်√ မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□□□□သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်√ မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□□□□ဝယ်ယူရနိုင်သည်√ မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□□□□ဝယ်ယူရနိုင်သည်√ မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်□□□□ရနိုင်သည်√ မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ေဆာင်မှုများ	အလွယ်တကူရနိုင်သည်□□□□ရနိုင်သည်√မဖြေဆိုပါ□
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□□□□သီးနှံများကိုရောင်းချနိုင်သည်√ မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတောင်သူအများစုသည် စိုက်ပျိုးရေးဗဟုသုတ၊ ပညာအားနည်းပြီး မိရိုးဖလာတောင်သူများ လုပ်ထုံးလုပ်နည်းအတိုင်းသာလုပ်ကိုင်ကြပါသည်။ ခေတ်နှင့်အညီ စိုက်ပျိုးရေးနည်းပညာပေးခြင်းနှင့်၊ သွင်းအားစုထည့်သွင်းခြင်း၊ စိုက်ပျိုးရေးဆေးဝါးသုံးစွဲခြင်းများအား စနစ်တကျနည်းမှန်လမ်းမှန် သုံးစွဲနိုင်ရန် စိုက်ပျိုးပညာပေးမှုများလိုအပ်ပါကြောင်းလေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာကောင်း□□□□ရာသီဥတုမမှန်□ မဖြေဆိုပါ√
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□□□□လယ်ယာမြေဆုံးရှုံးမှုများသည်□□□□လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□□□□ပလပ်မြေများရှိသည်□□□□ပလပ်မြေအသင့်အတင့်ရှိသည်□□□□မဖြေဆိုပါ√
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်□□□□လုံးဝမရ□□□□မဖြေဆိုပါ√
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်□လုံးဝမရ□□□□မဖြေဆိုပါ√
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်□လုံးဝမရ□□□□မဖြေဆိုပါ√
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်□လုံးဝမရ□□□□မဖြေဆိုပါ√
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်□ လုံးဝမရ□□□□မဖြေဆိုပါ√
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်□ လုံးဝမရ□□□□မဖြေဆိုပါ√
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်□လုံးဝမရ□□□□မဖြေဆိုပါ√
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ□ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ□□□□မဖြေဆိုပါ√
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ□□□□အသင့်အတင့်ကျ□ အနည်းငယ်□□□□မဖြေဆိုပါ√

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် အဓိက အခက်အခဲသည် ရာသီဥတု မမှန်ခြင်း နှင့် မျိုးကောင်းမျိုးသန့်များကို အလွယ်အကူ ဝယ်ယူ၍ မရနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၇	၁၄
နို့စားနွား	၃၃	၈၅
ကျွဲ	-	-
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၂၃	၃၄
ကြက်	၇	၂၈၀
ဘဲ	-	-
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	-	-
ပုဇွန်ကန်	-	-
ဂဏန်းမွေးမြူရေးလုပ်ငန်း	-	-
ရေချိုငါးဖမ်းလုပ်ငန်း	-	-
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မွေးမြူရေးလုပ်ငန်းကို သီးသန့်လုပ်ကိုင်သော အိမ်ထောင်စု အနည်းငယ် ရှိပြီး စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်သူများလည်း ရှိပါသည်။ ငါးမွေးမြူရေးကို လုပ်ကိုင် အသက်မွေးသူ မရှိကြောင်း တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/** **ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
မွေးမြူရေး	
စားကျက်မြေ	ပေါများ□□□□အသင့်အတင့်□မဖြေဆိုပါ√
ရေရရှိမှု	အလုံအလောက်ရနိုင်□ အသင့်အတင့်ရနိုင်√မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□□□□မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်□မဖြေဆိုပါ√
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်□□□□ချေးငွေအသင့်အတင့်ရနိုင်□□□□မဖြေဆိုပါ√
သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်)ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□□□□သွင်းအားစုများဝယ်ယူနိုင်သည်□မဖြေဆိုပါ√
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။□□□□နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။□□□□မဖြေဆိုပါ√
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□□□□ထုတ်ကုန်များကိုရောင်းချနိုင်သည်□ မဖြေဆိုပါ√
အိမ်ခြံဝင်းအတွင်းမြေေရာလုံလောက်မှု	အလုံအလောက်ရှိသည်□□□□အသင့်အတင့်ရှိသည်□□□□မဖြေဆိုပါ√
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	အလွန်ကောင်း□□□□ကောင်း□□□□သင့်တင့်မျှတ□ မဖြေဆိုပါ√
ငါး/ပုဇွန်သားပေါက်	လိုသလောက်လွယ်ကူစွာဝယ်ယူရရှိနိုင်သည်□□□□ဝယ်ယူရနိုင်သည်□မဖြေဆိုပါ√

အခွင့်အလမ်း	**ဖော်ပြချက်/** **ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
လက်လှမ်းမီမှု	
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေရရှိနိုင်သည်□□□□ချေးငွေရနိုင်သည်□□□□မဖြေဆိုပါ√
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်□□□□သွင်းအားစုများဝယ်ယူနိုင်သည်□မဖြေဆိုပါ√
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူရနိုင်သည်။□□□□နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများရနိုင်သည်။□□□□မဖြေဆိုပါ√
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□□□□ထုတ်ကုန်များကိုရောင်းချနိုင်သည်□ မဖြေဆိုပါ√
ငါးဖမ်းခွင့်ရရှိနိုင်မှု	လွယ်ကူသည်□□□□အသင့်အတင့်လွယ်ကူသည်□□□□မဖြေဆိုပါ√

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် စာကျက်မြေ သီးသန့် မရှိသော်လည်း မြေကွက်အလွတ်များတွင် ကျောင်းနိုင်ပြီး နေရာအကျယ်အဝန်း အနည်းငယ်ရှိပါသည်။ ထုတ်ကုန်အဖြစ် ထုတ်လုပ်မှုများလည်းမရှိပါ။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/** **ရှင်းလင်းချက်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား ၂၀နှင့် ၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
မွေးမြူရေး	
စားကျက်မြေ	စားကျက်မြေရှားပါးသည်√ စားကျက်မြေလုံးဝမရှိပါ□□□□မဖြေဆိုပါ□
ရေရရှိမှု	ရေရှားပါးသည်□□□□ရေလုံးဝမရှိပါ□□□□မဖြေဆိုပါ√
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူမရနိုင်ပါ√မျိုးကောင်းတိရစ္ဆာန်များလုံးဝဝယ်ယူမရပါ□□□□မဖြေဆိုပါ□

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/** **ရှင်းလင်းချက်(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဥယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
ချေးငွေ	ချေးငွေလွယ်ကူစွာမရနိုင်ပါ√ချေးငွေလုံးဝမရပါ□မဖြေဆိုပါ□
သွင်းအားစု (မွေးမြူရေးအစာ၊ဆေးစသည်) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူမရနိုင်ပါ√ သွင်းအားစုများလုံးဝဝယ်ယူမရပါ□□□□မဖြေဆိုပါ□
ဝန်ဆောင်မှုနှင့်နည်းပညာပံ့ပိုးမှု	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရနိုင်ပါ√နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရပါ□□□□မဖြေဆိုပါ□
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ√ ထုတ်ကုန်များကိုမရောင်းချနိုင်ပါ□□□□မဖြေဆိုပါ□
အိမ်ခြံဝင်းအတွင်းမြေနေရာလုံလောက်မှု	အလုံအလောက်မရှိပါ√ လုံးဝမရှိပါ□□□□မဖြေဆိုပါ□
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန်ရေမြေအနေအထား	ရေမြေအနေအထားမကောင်းပါ√မဖြေဆိုပါ□
ငါး/ပုဇွန်သားပေါက်လက်လှမ်းမီမှု	လိုသလောက်လွယ်ကူစွာဝယ်ယူမရပါ√လုံးဝဝယ်ယူမရပါ□□□□မဖြေဆိုပါ□
ချေးငွေ	လိုသလောက်လွယ်ကူစွာချေးငွေမရပါ√လုံးဝချေးငွေမရပါ□ မဖြေဆိုပါ□
သွင်းအားစုလက်လှမ်းမီမှု	သွင်းအားစုများလွယ်ကူစွာဝယ်ယူမရပါ√ သွင်းအားစုများဝယ်ယူမရပါ□□□□မဖြေဆိုပါ□
နည်းပညာအကူအညီနှင့်နည်းလမ်းများ	နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများအလွယ်တကူမရပါ□□□□နည်းပညာနှင့်အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများမရပါ√မဖြေဆိုပါ□
ထုတ်ကုန်ရောင်းဝယ်မှု	ထုတ်ကုန်များကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ√ထုတ်ကုန်များကိုလုံးဝမရောင်းချနိုင်ပါ□□□□မဖြေဆိုပါ□
ငါးဖမ်းခွင့်ရရှိနိုင်မှု	မလွယ်ကူပါ√မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ တပိုင်တနိုင်သာမွေးမြူရေး လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ချေးငွေ လုံးဝ မရှိခြင်း ကြောင့် ရင်းနှီးငွေမရှိ၍ မဆောင်ရွက်နိုင်ခြင်းသည် ကျေးရွာအတွက် အခက်အခဲ ဖြစ်ပါသည်။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

